နွားဘန်းကြီးကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နွားဘန်းကြီးကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်

နွားဘန်းကြီးကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
	ရာသီခွင်ပြပြကွဒိန် နှင့်	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
	(က) သမိုင်းဝင်တည်ရှိရာနှင့် ဖွံ့ဖြိုးရေးရာ	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီး ဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

သြဂုတ်လ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နွားဘန်းကြီးကျေးရွာ
ရွာဝံမြို့နယ်


နွားဘန်းကြီးကျေးရွာ အုပ်ရုံ သယံဇာတပြဓာတ်မြေပုံ
N
W
E
S
ဘုန်းတော်ကြီးကျောင်း
တရားကျောင်း
ဆေးခန်း
ဈေး
ကတ္တရာလမ်း
တောင်
စေတီ
သချိုင်း
တာဝါတိုင်
တာဝါတိုင်
နွားဘန်းကြီးမှလယ်ဝမှရိပ်သာလမ်း
ရက်စွဲ 1.8.2021

ရက်စွဲ - 30.11.2021 ကုသိမ္မင်ပြ ပြက္ခဒိန်

အကြောင်းအရာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ
ရာသီဥတု												
အလုပ်အကိုင်	ပျင်း	ပျင်း	**	*****	*****	*****	***	***	**	**	ပျင်း	ပျင်း
လက်လုပ်လက်စား မိသားစုများ ဝင်ငွေရှိမှု	*	*	*	*	**	**	****	****	***	**	*	*
အသုံးစရိတ်	*	*	*	*****	*****	***	*	*	*	*	*	*
ချေးငွေလိုအပ်မှု	မို	မို	မိုမို	မိုမိုမို	မိုမို	---	---	---	---	----	---	---
ဝမ်းစာဖူလုံမှု	ဂို	မိုအပ်	မိုအပ်	မိုအပ်	မိုအပ်	မိုအပ်	မိုအပ်	ဂို	ဂို	ဂို	ဂို	ဂို
ဧဝေကံသုံးရေ ရရှိမှု	ဂါး	ဂါး	ဂါး	ဂို မိုးရေ	ဂို မိုးရေ	ဂို မိုးရေ	ဂို မိုးရေ	ဂါး	ဂါး	ဂါး	ဂါး	ဂါး
တိရစ္ဆာန် အစာရရှိမှု	ဂါး	ဂါး	ဂါး	ဂို	ဂို	ဂို	ဂို	ဂို	ဂါး	ဂါး	ဂါး	ဂါး
တိရစ္ဆာန်ကျေးဇူးကျေနပ်မှု	ဂို	ဂို	ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	ဂို
ကျွဲနွားရေး အခြေအနေ	၈ ဂို	ဂို	ဂို	ဂို	ဂို	ဂို	ဂို	ဂို	၈ ဂို	၈ ဂို	၈ ဂို	ဂို
သီးနှံပိုးမွှားကျေနပ်မှု	၈ ဂို	၈ ဂို	၈ ဂို	ဂို	ဂို	ဂို	ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို
ပွဲတော်	ဂို	ဂို	ဂို	ဂို	၈ ဂို	၈ ဂို	ဂို	ဂို	၈ ဂို	ဂို	၈ ဂို	ဂို
သဘာဝဘေးအန္တရာယ် ကျရောက်မှု	ဂို	ဂို	ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၈ ဂို	၁၀ ဂို	၁၀ ဂို	၈ ဂို	ဂို

දිනය 30.11.2021

၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

နွားဘန်းကြီးကျေးရွာသည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ(၄၀၈၀)တွင် တည်ရှိပြီး ရွာငံမြို့၏ အနောက်မြောက်ဘက်(၃)မိုင်အကွာ၊ အောင်ပန်း၊ ရွာငံ၊ ဟန်မြင့်မိုရ်၊ မန္တလေး လမ်းမ အနောက် ဘက် (၃)မိုင်အကွာတွင် တည်ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်၍ ဓနုလူမျိုးများနေထိုင်ပြီး ဘုန်းကြီးကျောင်း(၃)ကျောင်းကို ကိုးကွယ်တည်ထားလျက်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် အုတ်ဆီးတောင်ဘုရား၊တောင်ဘက်တွင် ရွှေဂူငယ်ဘုရားတောင်၊ အနောက်ဘက်တွင် ရှူခင်းသာ တောင်ဘုရား၊မြောက်ဘက်တွင် ဇေတီဘုရားတောင်များ တည်ထားကိုးကွယ်ပြီး နှစ်စဉ် ဘုရား ပွဲတော်များ ကျင်းပလျက်ရှိပြီး ကုန်းပြင်မြင့် မြေပြန့်ဖြစ်ပြီး အေးချမ်းစွာ နေထိုင်လျက်တည်ရှိ ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

နွားဘန်းကြီးကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့ သော် သစ်တောပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြန်လာပြီး အပူရှိန်မြှင့်တက်လာပါသည်။ သဘာဝ အရင်းအမြစ်အနေဖြင့် ရွာ၏အနောက်ဘက်တွင် ပြဒါးလင်းဂူဧရိယာ နှင့်သားငှက်သစ် တောကြိုးဝိုင်းများရှိပြီး အဖိုးတန်သစ်ပင်များရှိပါသည်။ ကျွန်း၊ ပျဉ်း၊ သစ်ရာ၊ အင်ကြင်း၊ သစ်မာမျိုးစုံ နှင့် မျိုးခြားသစ်ပင်များ လဲပေါက်ရောက်လျှက်ရှိပါသည်။ ကျောက်တောင်များတွင်လည်း သဘာဝ ဆေးဖက်ဝင် အပင်များ၊သစ်ဥ၊သစ်ဖုများ ရှိကြပါသည်။ တောတိရိစ္ဆာန်များအနေဖြင့် ကျား၊ ကျားသစ်၊ လူဝံ၊ တောဝက်၊ တောခွေး၊ ဆတ်၊ ဆိတ်၊ ဂျီဒရယ်၊ တောကြောင်၊ မျောက်၊ သင်းခွေချပ်များ လည်း တွေ့ရှိရပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

နွားဘန်းကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၉၂၀)၊ ကျား(၁၇၈၄)ဦး၊ မ(၁၇၆၂)ဦး၊ စုစုပေါင်း လူဦးရေ(၃၅၄၆)ဦး နေထိုင်ပြီးကျေးရွာတွင် ဘာသာ သာသနာ အဖွဲ့ ၊ နာရေးကူညီမှုအဖွဲ့၊ သွေးလှူရှင်အဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့၊ ရေကော်မတီ၊ မီးကော်မတီများကို ဖွဲ့စည်းထားရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိကြပါသည်။ လူငယ်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ထားရှိခြင်း၊ လမ်းဘေးဝဲယာတွင် အမှိုက်ပုံးများထားရှိခြင်း၊ ကျေးရွာအတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများကို နှစ်စဉ်လမ်းပခုံးတင်ခြင်း၊ သဲခင်းခြင်း၊ ဘုန်းကြီးကျောင်း ပတ်ဝန်းကျင်များ တွင် နှစ်စဉ် တောရှင်းခြင်း၊ လမ်းရှင်းခြင်းများ၊လမ်းပြုပြင်ခြင်းများကို ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

နွားဘန်းကြီးကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ရေအရင်းအမြစ် မရှိသဖြင့် လယ်မြေကော လုံးဝမရှိပါ။ ယာမြေဧက(၉၉၈)ကေသာ ရှိပြီး မြေယာပိုင်ဆိုင်သူ ဦးရေ(၅၂၀)သာရှိပြီး အိမ်ထောင်စုပေါင်း(၄၀၀)ကျော် မှာ မြေမဲ့၊ယာမဲ့များဖြစ်ကြပါသည်။

စိုက်ပျိုးရေးမှာ နှစ်ရှည်သီးနှံများဖြစ်သော လိမ္မော်၊လက်ဘက်၊ ထောပတ်၊သံပုရာ၊ ကော်ဖီများကို စိုက်ပျိုးကြပါသည်။ နှစ်တိုသီးနှံများစိုက်ပျိုးရာတွင် ခရမ်းချဉ်၊ မုံညင်း၊ပန်းဂေါ်ဖီ၊ ငရုတ်ပွများကို စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ တောင်ယာများကို အိမ်ထောင်စု (၁၅၀)ခန့်သာ လုပ်ကိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ ဆန်ဝယ်စားသောက်ကြပါသည်။

မြေယာမဲ့(၄၀၀)မှာ စိမ်းရောင်စို စိုက်ပျိုးရေးခြံ၊ ရွှေသံလွင်စိုက်ပျိုးရေးခြံ၊ ဥဏှာကြီးရှင် စိုက်ပျိုးရေးခြံများတွင် နေ့စားလုပ်သားများအဖြစ် အငှားလိုက်စားကြရပါသည်။

ရွာငံမြို့နယ်အတွင်း အိမ်ထောင်စု အများဆုံးနှင့် လူဦးရေအများဆုံးကျေးရွာဖြစ်ပြီး မြေယာပိုင်ဆိုင်မှုနည်းပါးခြင်းကြောင့် ဆန်စပါးဖူလုံခြင်းမရှိတော့ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

နွားဘန်းကြီးကျေးရွာတွင် တနိုင်တပိုင်မွေးမြူထားသော နွားကောင်ရေ (၅၀၀)ကျော် အိမ်ထောင်စု(၁၇၀)ကျော်နှင့် ဝက်မွေးမြူထားသော အိမ်ထောင်စု (၄၀၅)စု ဝက်ကောင်ရေ (၄၇၀)ကောင်၊ ကျွဲမွေးမြူသူ အိမ်ထောင်စု (၃၀) နှင့် ကျွဲကောင်ရေ(၆၈)ကောင်ကို တနိုင်တပိုင် မွေးမြူထားကြပါသည်။ စီးပွားဖြစ်မွေးမြူရန် အကြီးစားအသားတိုးကြက်မွေးမြူရေးနှင့် ဝက်မွေးမြူ ရေးများမွေးမြူလိုသော်လည်း အကြီးစားချေးငွေများ လိုအပ်လျက်ရှိနေပါသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာတွင် ရေအရင်းအမြစ်မရှိသဖြင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ အချို့အမျိုးသားများမှာ ပန်းရံအလုပ်၊ လက်သမား အလုပ်များကို လုပ်ကိုင်ကြပြီး အချို့သောအမျိုးသမီးများမှာ တစ်ရက်လျှင် လုပ်အားခ (၃၅၀၀)ကျပ်၊ (၄၀၀၀)ကျပ်နှုန်းဖြင့် စိုက်ပျိုးရေးခြံများတွင် နေ့စားခဖြင့် အငှားလိုက်ကြ ပါသည်။

ကျေးရွာတွင် အလုပ်လက်မဲ့များရှိနေခြင်းကြောင့် တနိုင်တပိုင် အသက်မွေးဝမ်း ကျောင်းမှု အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ ဟောပြောပွဲများ၊ သင်တန်းများ ပို့ချပေးဂုန် လိုအပ်နေပြီး အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် တင်ပြလိုပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် Pact Myanmarအဖွဲ့၊ ကိုရီးယား ဟာနာအသေးစားနှင့် အလတ်စား ချေးငွေများရရှိပြီး စိုက်ပျိုးရေး၊မွေးမြူရေး၊ပညာရေး၊ကျန်းမာရေး ကိစ္စများတွင် အသုံးပြုနိုင်ပြီး အကြီးစားမွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ နှစ်ရှည် ချေးငွေများရရှိရန်လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာသယ်ယူပို့ဆောင်ရေးတွင် ကား၊ထော်လာကျီ၊ သုံးဘီး၊ဆိုင်ကယ်များ အသုံးပြု နိုင်သော်လည်း ကျေးရွာအရှေ့ဘက်တွင် လွင်ပြင်ဖြစ်ပြီး ကား၊ထော်လာကျီဖြင့် သယ်ယူရပါသည်။ ကျေးရွာ အနောက်ဖက်နှင့် အနောက်တောင်ဘက်များမှ သီးနှံထွက်ကုန်များကို ထော်လာကျီ၊ ကား၊ သုံးဘီးလမ်း မပေါက်သဖြင့် လူများဖြင့် ပခုံးထမ်း၊ခေါင်းရွက်ဖြင့်သာ သယ်ယူရသဖြင့် ကုန်ကျစရိတ် များပြားပြီး အချိန်ကုန်မှုများနေသဖြင့် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးနိုင်မည်ဆိုပါက အချိန်တို အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေမည်ဖြစ်ပြီး စျေးကွက်သို့ မြန်ဆန်စွာပို့ဆောင်နိုင်မည်ဖြစ်ပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲနိုင်သူ အိမ်ထောင်စု(၅၅၇) စု နှင့် မသုံးစွဲနိုင်သော အိမ်ထောင်စု (၃၆၃)စု ကျန်ရှိနေသည်။ ၎င်းမသုံးစွဲနိုင်သော အိမ်ထောင်စုများမှ မြေမဲ့၊ ယာမဲ့ လက်လုပ် လက်စားအလုပ်သမားများဖြစ်ကြပြီး ၎င်းတို့ချက်ပြုတ်ရေးအတွက် တစ်နှစ်စာထင်းများကို တစ်အိမ်ထောင်လျှင် ထော်လာကျီ(၁၀)စီးမှ (၁၅)စီး အထိ ခုတ်ယူသုံးစွဲနေရသဖြင့် သဘာဝပတ်ဝန်း ကျင် ပျက်စီးမှု သစ်တောပြုန်းတီးမှုတို့ဖြင့် ကြုံတွေ့နေရသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် MPT တာဝါတိုင်နှင့် Mytel တာဝါတိုင်များရှိကြပြီး ဖုန်း(၈၆၀)လုံးနှင့် တီဗွီ(၈၀၀)လုံး၊ ဂြိုလ်တုစလောင်း(၄၀)လုံး တို့မှ သတင်းအချက်အလက်များရရှိပါသည်။ ဖုန်းဆက် သွယ်ရေး လိုင်းများကောင်းမွန်သဖြင့် သတင်းဆက်သွယ်ရေးအတွက် အဆင်ပြေကောင်းမွန်ပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်ထိ ပညာသင်ကြားနိုင်ပြီး ကျောင်း ဆရာ/မ စုစုပေါင်း(၁၈)ဦးရှိကာ ကျောင်းသား/သူ(၄၅၀)ဦး ရှိပါသည်။ ကျောင်းရှိ ဆရာ/မ များနှင့် ကျောင်း သား/သူများအတွက် သောက်သုံးရေမလုံလောက်မှု များရှိနေသဖြင့် အဝီစိစက်ရေတွင်း ၂၀၂၂-၂၀၂၃ ခုနှစ် များတွင် တူးဖော်ပေးနိုင်မည်ဆိုပါက ပညာရေးတွင် ကောင်းမွန်စွာပညာသင်ကြားနိုင်ပါမည်။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွားဆရာမ(၁)ဦး၊ ကြီးကြပ်(၂) (၁)ဦး ရှိပါသည်။ ငှက်ဖျား၊ သာမန်ဖျားနာခြင်း၊ သွေးတိုးခြင်း၊ သေးငယ်သော ထိခိုက်ဒဏ်ရာများ၊ ကိုယ်ဝန်ဆောင် များကိုအချိန်မှီကုသမှုပေးနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် (၅)နှစ်အောက်ကလေးများ ကျန်းမာရေးဌာနမှ ချမှတ်ထားသော ကာကွယ်ဆေးများကို ထိုးနှံနိုင်ခြင်းကြောင့် ကျန်းမာရေးကိစ္စရပ်များတွင် အဆင်ပြေမှု ရှိပါသည်။

ကျေးရွာတွင် ရေအရင်းအမြစ်မရှိ၊ ရေထွက်ပင်ရင်းမရှိသောကြောင့် အိမ်ထောင်စု(၉၂၀)စု နှင့် ဘုန်းတော်ကြီးကျောင်း(၃)ကျောင်း၊ စာသင်ကျောင်း(၂)ကျောင်း ကျန်းမာရေး ဆေးပေးခန်း(၁)ခန်း ၊

ဝန်ထမ်း အိမ်ရာ(၁)ခုနှင့် ကျွဲ၊ နွား ကောင်ရေ(၅၆၈)ကောင် တို့သည် နှစ်စဉ် ရေအခက်အခဲကြုံတွေ့နေရပါသည်။ နွေရာသီတွင် ရေထော်လာကျီတစ်စီးလျှင် (၇၀၀၀)ဖြင့် ဝယ်ယူသုံးစွဲရပါသည်။

၁၂.၅.၂၀၁၁ ခုနှစ်တွင် UNDP မှ ရေပိုက်လိုင်းတစ်လိုင်းကို ကျေးရွာနှင့် (၁၂)မိုင်အကွာတွင် သွယ်တန်းပေးခဲ့ရာ နှစ်ပေါင်း(၂၀)ကျော်ကြာမြင့်ပြီဖြစ်ပါသဖြင့် ရေပိုက်လိုင်းလမ်းတွင် ကျေးရွာ(၄)ရွာမှ ခိုးယူသွယ်တန်းနေခြင်းနှင့် လျှို့မြောင်များကြားတွင် နှုံးများပြည့်လာမှုတို့ကြောင့် ကျေးရွာ၏ ရေလျှောင်ကန်ကို ရေမရောက်လာတော့ပါ။ သို့ဖြစ်ပါသောကြောင့် ရွာငံမြို့နယ်တွင် အိမ်ထောင်စု၊လူဦးရေများသော ကျေးရွာအုပ်စုဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ နိုင်ငံတော်အစိုးရအဖွဲ့တို့မှ ရေပိုက်လိုင်းတစ်လိုင်းဆွဲပေးနိုင်ရန် တင်ပြလိုက်ပါသည်။

ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ကျေးရွာလမ်းဘေးဝဲယာများတွင် အမှိုက်ပုံများ ထားရှိခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲခြင်း၊ လမ်းဘေးဝဲယာများရှိ ပေါင်းမြက်များကို မိုးဦး၊ မိုးနှောင်းများတွင်ရှင်းလင်းခြင်း၊ ရွာတွင်း၊ ကျောင်းအတွင်း ဆေးခန်းအတွင်းရှိ ပလက်စတစ် စွန့်ပစ်အမှိုက်များကို ကျေးရွာအပြင် (၁)မိုင်အကွာ ချောင်းနားတွင် မီးရှို့သန့်ရှင်းခြင်း၊ စသောက်သုံးရေများကို ရေသန့်ပုံးများထားရှိခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ပရဟိတအဖွဲ့မှ အမှိုက်လှဲခြင်း ဘုရားပန်းများ လဲခြင်း၊ ပန်းအိုးရေများစွန့်ပစ်ခြင်းတို့ဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးများကို သူ့အသိကိုယ့်အသိဖြင့် သန့်ရှင်းကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မိမိကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဆိုးကြီးနှင့် (၁၀)စုနှစ် တစ်စုလျှင် (၃)ကြိမ်ခန့် ကြုံတွေ့ရတတ်သည်။ မိုးကြီး၊လေကြီး၊မိုးသီးကြီးများကျရောက်သည့်အခါ အိမ်အမိုးများပေါက်ပြဲခြင်း၊ အိမ်များမြို့ကြခြင်းတို့ကို (၃)နှစ်တစ်ကြိမ်ခန့် တွေ့ရပါသည်။ ရေကြီးမှု အန္တရာယ်မရှိပါ။

မီးဘေးအန္တရာယ်မှာ တောင်ပေါ်ဒေသအအေးပိုင်းဒေသဖြစ်သဖြင့် မီးပေါ့ဆမှုကြောင့် တစ်အိမ်မီးလောင်မှုဖြစ်လျှင် တစ်အိမ်သာလောင်ကျွမ်းပြီးရပ်ကွက်အလိုက် အန္တရာယ်မရှိခဲ့ပါ။

(က) သမိုင်းဝင်တည်ရှိရာနှင့် ဖွံ့ဖြိုးရေးရာ

နွားဘန်းကြီးကျေးရွာတွင် အုပ်စုအနောက်မြောက်ဘက်(၁၅)မိုင်အကွာတွင်သမိုင်းဝင်ဂူနှင့် သမိုင်းဝင်တောင်တည်ရှိပါသည်။ သမိုင်းဝင်ဂူမှာ မုဆိုးမောင်မျိုး စတင်ပင့်ဆောင်ခဲ့သည့် ဖောင်တော်ဦးဘုရားဂူဖြစ်ပြီး သမိုင်းဝင်တောင်မှာ နတ်ထိပ်တောင် ဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်(၃)မိုင်အကွာတွင် ၂၀၁၉-၂၀၂၀ခုနှစ်တွင် ခရီးသွားများစတင်ရောက်ရှိခဲ့ပြီး လာရောက်လည်ပတ်သူများလာခဲ့သည့် စပါးပုံတောင်ဗျူးပွိုင့်ကိုလဲတွေ့ရပါသည်။

ကျေးရွာ၏ တောင်ဘက်(၁)မိုင်အကွာတွင်လည်း ၂၀၁၉-၂၀၂၀ ခုနှစ်များတွင် ခရီးသွားများစတင် အပန်းဖြေရာနေရာ ရွှေဂူဗျူးပွိုင့်ကိုလဲတွေ့ရှိရပါသည်။သို့ဖြစ်ပါ၍ ခရီးသွားများ ပိုမိုလာရောက်ပြီး စည်ကားလာရန်အတွက် ပန်းခြံများ၊နားနေဆောင်များ၊စျေးဆိုင်များ ၊လမ်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား/မ လူဦးရေကွာခြားမှုသိပ်မရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား၊အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုမှာ ကွာခြားမှု(၂)ချိုး(၁)ချိုး ပါဝင်ပြီး ကျေးရွာ ဘာသာရေး သာသနာရေးကိစ္စများတွင်လည်း အမျိုးသား၊အမျိုးသမီး တစ်ဝက်စီရှိပြီး လုပ်အားခရရှိမှုမှာ အမျိုးသမီးများမှာ ၃၅၀၀–၄၀၀၀ကျပ်သာ ရရှိပြီး အမျိုးသားများမှာ ၅၀၀၀–၆၀၀၀–၁၀၀၀၀ တို့ရရှိပါသည်။အမျိုးသားလုပ်အားခမှာလည်း လုပ်ငန်းအမျိုးအစားအလိုက် ကွာခြားမှုရှိပါသည်။

၁၀။ နွားဘန်းကြီးကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- နွားဘန်းကြီးကျေးရွာအုပ်စု ကျေးရွာအမည်-နွားဘန်းကြီးကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်ရေရရှိရေး	ရေပိုက်လိုင်းသွယ်တန်းနိုင်ရန်	
၂	အခြေခံအဆောက်အဦ	စာသင်ကျောင်း(ဆရာ/မ များနှင့် ကျောင်းသူ/သားများ) အတွက် သောက်သုံးရေလုံလောက်ရေး	အဝီစီစက်ရေတွင်းရရှိရန်	
၃	အခြေခံအဆောက်အဦ	ရွာအနောက်ဖက် လမ်းဖောက်လုပ်ရန်	ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ရန်	
၄	ခရီးသွားလုပ်ငန်း	ရွာအနီးအထင်ကရ သမိုင်းဝင်နေရာများကို ခရီးသွားများ လာရောက်နိုင်ရန် (ကျေးရွာဖွံ့ဖြိုးစေရန်)	ခရီးသွားလုပ်ငန်းအဆင်ပြေ နိုင်ရန် လမ်းများဖောက်လုပ်နိုင်ရန်	
၅	ချေးငွေ	ရပ်ရွာအခြေပြု ငွေကြေးဝန်ဆောင်မှုများ	အတိုးနှုန်းသက်သာသော ချေးငွေ ရရှိရန်	

နွားဘန်းကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	တာဝန်	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးထွန်းအောင်	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၁၂၈၉၀	၀၉-၄၄၇၈၄၂၂၂၈	
၂	ဒေါ်ဖြူဖြူသင်း	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၄၃၀၉၈	၀၉-၄၂၈၃၆၉၅၃၀	
၃	ဦးမြင့်တိုး	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၁၂၆၂၁	၀၉-၂၅၀၁၃၂၇၀၉	
၄	ဦးအေးကို	။ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၁၂၉၄၅	၀၉-၄၂၈၃၆၉၅၃၂	
၅	ဒေါ်ခိုင်ဇင်ဖြိုး	။ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၇၂၅၈၅	၀၉-၈၈၃၀၇၃၅၆၇	
၆	ဦးကျော်တင့်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၂၈၇၁	၀၉-၂၅၈၄၉၉၈၄၂	
၇	ဦးကျော်မြင့်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၂၇၃၈	၀၉-၈၈၉၃၈၀၇၅၄	
၈	ဦးမျိုးလေး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၂၅၇၇	၀၉-၄၅၈၉၈၃၂၂၄	
၉	ဦးတင်ခိုင်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၂၉၄၃	၀၉-၄၅၄၈၆၆၉၅၁	
၁၀	ဒေါ်ကြူကြူအေး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၅၅၂၂၇	၀၉-၂၅၀၇၈၅၀၆၃	
၁၁	ဒေါ်ခင်အေးမြင့်	အဖွဲ့ဝင်	လျှောက်ထားဆဲ	၀၉-၂၆၃၃၃၇၁၂	
၁၂	ဒေါ်ရီရီဌေး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၄၉၁၃၈	၀၉-၄၅၄၆၆၃၁၈၀	
၁၂	ဒေါ်နီနီဦး	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၃၄၇၄၈	၀၉-၄၅၆၀၁၅၃၉၀	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(နွားဘန်းကြီးကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ကျေးလက်ပြည်သူများ သောက်သုံးရေ မလုံလောက်ခြင်း	လူဦးရေ၊ကျွဲနွားတိရိစ္ဆာန်များပြားခြင်း	ပြည်သူလူထုပူးပေါင်းပါဝင်မှုရခြင်း၊ လုပ်အားရနိုင်ခြင်း	ရေအရင်းအမြစ်မရှိခြင်း ရေသွယ်တန်းရန် ရေကြောမရှိခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ရေပိုက်လိုင်းသွယ်တန်းနိုင်ရန်
၂။	ဆရာ/မ ကျောင်းသား/ သူများ သောက်သုံးရေမလုံလောက်ခြင်း	ကျေးရွာရေပေးရေးစနစ်မှ ကောင်းစွာဆောင်ရွက်၍ မရနိုင်ခြင်း	ကျေးရွာလူထုလုပ်အားရနိုင်ခြင်း၊နေရာရနိုင်ခြင်း	ကျေးရွာရေပေးရေးတွင် ရေမရသည့်အခက်အခဲနှင့် ကြုံတွေ့ရခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အဝီစီစက်ရေတွင်းရရှိ နိုင်ရန်
၃။	စိုက်ပျိုးထုတ်ကုန်များ စျေးကွက်သို့ မတင်ပို့နိုင်ခြင်း	ကုန်ထုတ်လမ်းမှာ လူသွားလမ်းသာရှိခြင်း	ကျေးရွာလူထုလုပ်အားရနိုင် ခြင်း	လမ်းဖောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်ကုန်ထုတ်လမ်းေေဆာင်ရွက်ရန်
၄။	ခရီးသွားများလည်ပတ်ရန် လမ်းခက်ခဲခြင်း	လူသွားလမ်းသာရှိခြင်း	ကျေးရွာလူထုလုပ်အားရနိုင် ခြင်း	လမ်းဖောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း	ဌာနဆိုင်ရာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ခရီးသွားလုပ်ငန်းအဆင်ပြေနိုင်ရန် လမ်းများဖောက်လုပ်နိုင်ရန်
၅။	စိုက်/မွေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန်အခွင့်အလမ်းနည်းပါးခြင်း			အရင်းအနှီးလုံလောက်မှုမရှိ		အတိုးနှုန်းသက်သာသောချေးငွေရရှိရန်

နွားဘန်းကြီးကျေးရွာနှင့် နှစ်အလိုက် ဦးစားပေး လုပ်ငန်းများလျာထားချက်

စဉ်	စိမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁။	ရေပိုက်လိုင်းသွယ်တန်းနိုင်ရန်	၁		J	J	J	J
၂။	အတိုးနှုန်းသက်သာသောချေးငွေရရှိရန်	၂			J	J	J
၃။	ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်ရန်	၃		J	J	J	J
၄။	အဝီစီစက်ရေတွင်းရရှိရန်	၄				J	J
၅။	ခရီးသွားလုပ်ငန်းအဆင်ပြေနိုင်ရန် လမ်းများဖောက်လုပ်နိုင်ရန်	၅				J	J